# ဖင်လန်နိုင်ငံရောက် မြန်မာတိုင်းရင်းသားများ၏ သင်္ကြန်ပွဲတော်

ဖင်လန်နိုင်ငံ သို့ ရောက်ရှိနေကြသော မြန်မာနိုင်ငံ တိုင်းရင်းသား ပေါင်းစုံ သည် အမိမြန်မာ ပြည်၏ ရိုးရာယဥ်ကျေးမှု ဆိုင်ရာနေ့ ထူးနေ့ မြတ် ပွဲတော်များထဲမှတစ်ခုဖြစ်သော မြန်မာရိုးရာနှစ်သစ်ကူး သင်္ကြန် ပွဲတော်ကို ဖင်လန်နိုင်ငံ ယူးဗားစကူးလား မြို့ တွင် ဧပြီလ၁၃ ရက်နေ့ တွင်ပျော်ရွှင်စွာ ကျင်းပခဲ့ ကြ သည်၊

## ကျင်းပရခြင်းရည်ရွယ်ချက်

မြန်မာနိုင်ငံသား တိုင်းရင်းသားပေါင်းစုံ သည် အမိမြန်မာပြည်နှင့် ဝေးကွာသော အရပ်ဒေသများတွင် ရောက်နေသော်လည်း မြန်မာယဥ်ကျေးမှု ရိုးရာများ ဘာသာရေးဆိုင်ရာ ကိစ္စများကို မမေ့ပျောက်ရ အောင် နှင့်မိမိတို့ ၏ သားသမီး ရင်သွေးငယ်များအား မြန်မာနိုင်ငံတိုင်းရင်းသားပေါင်းစုံ၏ ယဥ်ကျေးမှုများ ကို သိရှိ စေရန်၊ သွန်သင်ပေးနိုင် ရန်၊ ရပ်ဝေးဒေသများတွင် ရောက်နေသော်လည်း မြန်မာနိုင်ငံသား တိုင်းရင်း သား အားလုံး စည်းလုံးညီ ညွတ်မှုများရရှိအောင် မိမိတို့ မြန်မာတိုင်းရင်သားများအားလုံး၏ ရိုး ရာယဥ် ကျေးမှုဆိုင်ရာ ပွဲလမ်းသဘင် များရှိခဲ့လျှင် စုစုစည်းစည်း ကျင်းပ ရခြင်းဖြစ်သည်၊

ဤသင်္ကြန်ပွဲတော်သည် မြန်မာနိုင်ငံ ယဥ်ကျေးမှုဆိုင်ရာ ပွဲတော်များအနက် ပိုမိုစိတ်ဝင်စားဖွယ် ကောင်း သောမြန်မာနှစ်သစ်ကူး ပွဲတော်လည်းဖြစ်သည်၊ထိုကြောင့် မြန်မာနိုင်ငံသားများ မိမိတို့ နှစ်သစ်ကူးပွဲတော် နှင့် ဆိုင်သော ထုံးတမ်းစဥ်လာများကို နောင်လာနောင်သား သားသမီးများကို သိရှိနားလည်စေ ရန်ရည် ရွယ် ချက်နှင့်လည်းကျင်းပရခြင်းဖြစ်သည်၊

ဤသင်္ကြန် ပွဲတော်သည် မြန်မာယဥ်ကျေးမှု ဆိုင်ရာ ပွဲတော်တစ်ခုဖြစ်သလို မြန်မာနှစ်သစ်ကူးပွဲတော် လည်းဖြစ်သည်၊ ဤနှစ်သစ်ကူးပွဲတော် ကာလတွင် မြန်မာတို့ ၏ ရိုးရာယဥ်ကျေးမှု အယူအရ နှစ်ဟောင်း မှ အညစ် အကြေးများကို နှစ်သစ် သို့ မပါရအောင် သင်္ကြန်ရေဖြင့် ဆေးကြော သန့် စင်ရသည်၊ ထို ကြောင့် သင်္ကြန်ပွဲတော်တွင် ရေလောင်းကစားခြင်းဖြစ်သည်၊ သို့ သော် ဖင်လန်နိုင်ငံရောက် မြန်မာ တိုင်း ရင်းသားများ ကျင်းပသော သင်္ကြန် ပွဲတော်တွင် ရာသီဥတု အေးချမ်းသော နိုင်ငံ ဖြစ်သောကြောင့် ရေလောင်းကစားခြင်းများ မပြုလုပ်နိုင်ခြင်းဖြစ်သည်၊

## သင်္ကြန်ပွဲတော်ကျင်းပမှုအစီအစဥ်များ

သင်္ကြန် ပွဲတော်ကိုယူးဗားစကူးလား မြို့ တွင်ရှိသော မြန်မာတိုင်းရင်းသားပေါင်းစုံ လူမှုရေး အသင်းမှ ဦးစီး ပြီး ကျင်းပခဲသည်၊ သင်္ကြန်ပွဲတော်ကို ယူးဗားစကူးလားမြို့ ဟူတာစူ ချပ်ကျောင်း (Huhtasuon Kirkko ) တွင် ကျင်းပခဲ့ကြသည်၊ ဧည့်သည် အများစုမှာ ဖင်လန်နိုင်ငံ ဗန်တာ မြို့ နှင့် ကင်မီ မြို့ များမှ လာရောက် ကြ သည်၊ သင်္ကြန်ပွဲတော်တွင် မြန်မာတိုင်းရင်းသား ၁၀၀ ကျော်လာရောက် အားပေး ပျော်ပါးကြသည်၊

ဒီနှစ်ကျင်းပသော မြန်မာရိုးရာ သင်္ကြန် ပွဲတော်သည် ယူးဗားစကူးလား မြို့အနေဖြင့် ပထမဆုံး ကြီးမားစွာ ကျင်းပခဲ့ခြင်းဖြစ်သည်၊ ပွဲတော်တွင် မြန်မာ ကလေးများအား သင်္ကြန် နှင့်ပတ်သက်သော သမိုင်းအကျဉ်း ကို ရှင်းလင်းပြောပြခြင်း၊ မြန်မာ ဗုဒ္ဓဘာသာ နှင့်ပတ်သက်သော သင်္ကြန်ကာလ ယုံကြည်မှုများ ကို ဓါတ်ပုံ ဆလိုက်များထိုးပြပြီး ရှင်းလင်းပြောပြကြသည်၊ ထိုနောက် မြန်မာ ရိုးရာ သင်္ကြန် အကများဖြင့် တင်ဆက် ကပြကြသည်၊ ထိုနောက်ကြွရောက်လာသော ဧည့်ပရိတ်သတ်ကို မြန်မာရိုးရာ အစားအစာများ ဖြင့် ဧည်းခံ ကျွေးမွေး သည်၊ အခမ်းအနား အစီအစဉ်ကို မနက် ၁၁ နာရီမှ ညနေ ၃ နာရီ အထိ ကျင်းပခဲ့ ကြသည်၊

## မြန်မာပြည်အတွင်းသင်္ကြန် နှင့် ဖင်လန်နိုင်ငံ သင်္ကြန် ကွဲပြားမှု

မြန်မာနိုင်ငံအတွင်းကျင်းပသော သင်္ကြန်များ မှာမိမိ အရပ်ဒေသဖြစ်ခြင်း၊ မိမိတို့၏ ရိုးရာ ဘာသာရေး နှစ်သစ်ကူးပွဲတော် ဖြစ်ခြင်း များကြောင့် မိသားစု အလိုက်ဖြစ်စေ၊ ရပ်ရွာ ဒေသအလိုက်ဖြစ်စေ၊ စုပေါင်း ပြီး ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများတွင် အလှူအတန်းများ ကျင်းပပေးခြင်း၊ သားသမီးများကို သာသနာ ဘောင်သို့ ဝင်စေ၍ ရဟန်းခံရှင်ပြုလုပ်ငန်းများ ရပ်ရွာ ရပ်ကွတ် မြို့နယ်အလိုက် စတုဒီသာ မဏ္ဍပ် များ မှ အစားအစာများ ကျွေးမွေး ခြင်းများ ရှိသည် ထိုအတူ မြို့နယ်ရပ်ကွတ် အလိုက် ရေပက်ကစားသော မဏ္ဍပ် များ သီဆိုကပြသော အလှပြကားများ အပြိုင်အဆိုင်ရှိကြသည်၊ ရပ်ကွတ်ဒေသအလိုက် သက် ကြီး ရွယ်အို ပူဇော်ပွဲများကို သင်္ကြန်နောက်ဆုံးနေ့များတွင် ကျင်းပကြသည်၊ သက်ကြီးရွယ်အိုများ ကို ခေါင်းလျှော် ရေချိုးပေးခြင်း၊ လက်သည်းခြေသည်းများလှီး ဖြတ်ပေးခြင်းများ၊ အစားအစာ၊အဝတ် အထည်များ လှူတန်းခြင်းများဖြင့်နှစ်စဉ် ပူဇော်ကြသည်၊

သက်ကြီးရွယ်အို လူကြီးများမှာ ဘုန်းတော်ကြီးကျောင်းများတွင် သွားရောက်ကြပြီး၊ ဥပုတ်သီလ ယူခြင်းများ ဘုန်းကြီးကျောင်း ဝေယျာဝစ္စ များကိုလုပ်ကိုင်ပေးခြင်းများ သင်္ကြန်တွင်းကာလပတ်လုံး ကောင်းမှုကုသိုလ်အလုပ်များကို လုပ်ဆောင်ကြသည်၊ ထိုအတူ သင်္ကြန် ကာလများတွင် မြန်မာရိုးရာ ဒိုး ပတ်ဝိုင်းဖြင့် သံချပ်များသီဆို၍ ပျက်လုံးများ အစိုးရကို လှောင်ပြောင်သော စာသားများဖြင့် သီဆို ပျော်ပါးကြသည်၊

မြန်မာပြည်တွင်းရှိ ပြည်သူများအနေဖြင့် ယခုအခါစစ်အစိုးရကို လှောင်ပြောင်သော သံချပ်များ သီဆို ၍ မရပေ၊ ထိုအတူ ယခု မျက်မှောက် အခြေအနေ မှာ မြန်မာ နိုင်ငံသားများ အနေနှင့် မိမိတို့နှစ်သစ်ကူးပွဲ တော်ကို ဟိုအရင်ကလို ကျင်းပနိုင်ခြင်းမရှိပေ၊

ဖင်လန်နိုင်ငံရောက် မြန်မာနိုင်ငံ သားများကျင်းပသော သင်္ကြန်ပွဲတော်တွင် ထိုသို့သော် ကောင်းမှု ကုသိုလ် လုပ်ငန်းများ မလုပ်နိုင်ခဲ့ပေ၊ သို့သော်မိမိ တို့ရောက်ရှိနေသော အခြေအနေပေါ် မူတည် ပြီး လုပ်ဆောင်နိုင်သော လုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်၊ ရေပက်ကစားခြင်းများကို ဖင်လန်နိုင်ငံအ နေအထားဖြင့် မဖြစ်နိုင်သလို၊ ဘုန်းတော်ကြီးကျောင်းများတွင် သွားရောက်ပြီး အလှူအတန်းများ

လုပ်ဆောင်ခြင်း၊ သားသမီး များကို သာသနာဘောင်သို့ ဝင်စေ၍ ရဟန်းခံ ရှင်ပြု လုပ်ငန်းများ မလုပ်ဆောင်နိုင်ပါ၊ သို့သော် သက်ကြီးရွယ်အို ပူဇော်မှုများကို လုပ်ဆောင်နိုင်သလို၊ မြန်မာရိုးရာ အစားအစာများကို ချက်ပြုတ် ကျွေးမွေး နိုင်ခဲ့သည်၊

မြန်မာ နှစ်သစ်သင်္ကြန် ပွဲတော်ရောက်လျှင်မြန်မာနိုင်ငံသားတိုင်း မိမိ အမိမြန်မာပြည်ကို လွမ်းဆွတ် သတိရကြသည်၊ မိမိ တို မြန်မာပြည် မှာကျင်းပသလို မပြုလုပ်နိုင်သော်လည်း မိမိတို ရောက်ရှိနေသောဒေသပေါ် မူတည်ပြီး အကောင်းဆုံးဖြစ်အောင် ကျိုးစားပြုလုပ်ခဲ့ကြသည်၊

မိမိ တို့ နိုင်သလောက် အစား အစာများ ချက်ပြုတ်ကျွေးမွေးခြင်း၊ ယိမ်းအကများ ဖြင့်ဖြေဖျော်ပေးခြင်း၊ ရိုးရာသီချင်းများ သီဆို ဖြေဖျော်ခြင်း၊ သံချပ်များ ဖြင့် စစ် အစိုးရကို လှောင်ပြောင် သီဆိုခြင်းများ လုပ်နိုင်ခဲ့သည်၊ ပို၍ စိတ်ဝင်းစားဖွယ် ကောင်းသော အကြောင်းအရာတစ်ခုမှာ ဖင်လန်နိုင်ငံ သို့ ရောက်နေကြသော တိုင်းရင်းသား ပေါင်းစုံ သည်မိမိ တို့၏ သားသမီးများကို ရိုးရာအဝတ်အစားများ ဝတ်ပေးထားသဖြင့် ရောက်ရှိလာသော ဧည့်ပရိတ် သတ်များမှာ အထူးစိတ်ဝင်စား မှုများရှိခဲ့သည်၊

ထိုကြောင့် မြန်မာနှစ်သစ်ကူး သင်္ကြန်ပွဲတော်သည် မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်များ အနေဖြင့် အထူးအရေးပါသော နေ့ ထူးနေ့ မြတ် ဖြစ်သလို နောင်လာနောင်သား ကလေးငယ်များအတွက်လည်း အင်မတန် အရေးကြီးသော နေ့ ဖြစ်သည်၊